
စိတ်ကူးချိုချိုအနုပညာ



၁၇ နှစ်ပြည့်
အမှတ်တရ
၁၉၉၉-၂၀၁၆


# မောင်နီဦး

# အစွန်းရောက်တေးသွား

mgyoe.com

# မောင်နိုဦး

# အစွန်းရောက်တေးသွား



poem0020
1800.00 ကျ

mgyoe.com

mgyoe.com

အစွန်းရောက်တေးသွား၊ မောင်နိုဦး
မျက်နှာဖုံးပန်းချီ - ကောစာချို၊ စာမျက်နှာ ၁၆၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အစွန်းရောက်တေးသွား

## မောင်နီဦး

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

စာရေးသူ၏ ထွက်ရှိပြီး
ကဗျာလုံးချင်းများဖြစ်သည့်
ဝါကျွတွေနဲ့အိမ်၊ ဂလိုဘယ်ဇာတ်လိုက်၊
ဓာတ်ပုံအရေးအသား စသည့်
စာအုပ်များမှ
ပြန်လည်ရွေးချယ်စုစည်း
တင်ဆက်ခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ

## (၁) ဝါကျတွေနဲ့အိမ်


| | | |
|---|---|---|
| ၁။ | ကိုယ်တိုင်ရေးမှတ်တမ်း | ၃ |
| ၂။ | အမှာ | ၄ |
| ၃။ | မြစ်ရဲ့စရဏ | ၅ |
| ၅။ | ရိုက်ကွင်းဇာတ်ညွှန်း | ၇ |
| ၄။ | ပဒေါင်းလမ်းဆုံ | ၈ |
| ၆။ | အတ္ထုပ္ပတ္တိ | ၉ |
| ၇။ | ဝါကျတွေနဲ့အိမ် | ၁၀ |
| ၈။ | တစ်ကိုယ်ရေအတ္တများ | ၁၁ |
| ၉။ | မုန်တိုင်းရဲ့ အနုပညာ | ၁၂ |
| ၁၀။ | တြိ | ၁၃ |
| ၁၁။ | အလွမ်းလက်ဆောင် | ၁၄ |
| ၁၂။ | အမေမြို့ | ၁၆ |
| ၁၃။ | ပန်းပွင့်မီးလျှံ | ၁၇ |
| ၁၄။ | အပိုဒ်တွေမစုံသေးတဲ့ရတု | ၁၈ |
| ၁၅။ | ခမ်းနားလွန်းတဲ့ အဝိဇ္ဇာ | ၂၀ |
| ၁၆။ | အဝိဇ္ဇာ (၁) | ၂၁ |


mgyoe.com

mgyoe.com

၁၇ အဝိဇ္ဇာ (၂) ၂၃
၁၈။ ခန္ဓာနှင့် ပေါင်းသင်းကြည့်ခြင်း ၂၄
၁၉။ ကျွန်တော့်မှာ ရိုးရိုးလေးပဲ လွမ်းနေခဲ့ ၂၅
၂၀။ ကခုန်နေတဲ့ ဈာပန ၂၇
၂၁။ မိုးတွေရွာတဲ့နေ့တစ်နေ့အကြောင်း ၂၈
၂၂။ မိုး ၂၉
၂၃။ ပဋ္ဌလက်မိုး ၃၀
၂၄။ ထွန်တုံးကိုတဲ့ ခြေတော်တင် ၃၁
၂၅။ အိပ်မက်ဖြစ်သွားတဲ့ည ၃၂
၂၆။ ဖော်မဲ့လိပ်ပြာ ၃၃

## (၂) ဂလိုဘယ်ဇာတ်လိုက်

၁။ The world is flat ၃၉
၂။ ဂလိုဘယ်ဇာတ်လိုက် ၄၄
၃။ ရေခဲတိုက် ၄၆
၄။ ဘဝရဲ့ ပဟေဠိ ၄၇
၅။ ဘဝရဲ့ အက်ဆေး ၄၈
၆။ ဘဝရဲ့ အော်ပရာ ၄၉
၇။ ဘဝရဲ့ ဧရိယာ ၅၁
၈။ ဘဝရဲ့ အမှန်တရား ၅၂
၉။ အဝါရောင်တေလေ ၅၃
၁၀။ မေတ္တာစာ ၅၄
၁၁။ အရုပ်တွေမပါလည်း ကစား ၅၅
၁၂။ အနော်မာအလွမ်း ၅၇
၁၃။ အဝကျယ်အင်းဝ ၅၉
၁၄။ ဝတ္ထုဇာတ်ညွှန်း ၆၁
၁၅။ ကာယကံရှင်ရဲ့ဆန္ဒ ၆၃

mgyoe.com

mgyoe.com


၁၆။ အဖြူရောင်မျိုးဆက် အနက်ရောင်အကျီ ၆၄
၁၇။ ဝါယာကြိုး ၆၇
၁၈။ ပစ္စုပ္ပန်ရဲ့အရသာ ၆၉
၁၉။ လှေစီးချင်တဲ့လှိုင်း လှိုင်းစီးချင်တဲ့လှေ ၇၅
၂၀။ တစ်ပတ်အတွင်းကဗျာ ၈၃
၂၁။ တို့နှစ်ယောက်ရဲ့ ဟာစ်ပော့ ၈၇
၂၂။ အို. . . ဂေါဝိန် ၈၈
၂၃။ ကာတွန်းကား ၈၉
၂၄။ အတက်လမ်းအဆင်းလမ်း ၉၀
၂၅။ အတွေးမှောင်တွင် ဝင်းလက် ရှုတ်တရက်ဖြာရောင်ခြည် ရွှေစည်းပုံလေးနဲ့ နတ်မယ်လျှလေးပေါ်လာပြီး ၉၁


## (၃) ဓာတ်ပုံအရေးအသား


၁။ အဝေးဆုံးထိပြေး ၉၅
၂။ သင်္ကေတတွေရှိရင် သီချင်းဖြစ်ပါတယ် ၉၇
၃။ ကဗျာဟာ ကုထုံးတစ်မျိုး ၁၀၀
၄။ မိတ်ဆက်ပွဲ ၁၀၂
၅။ အခမဲ့ လိုက်ပါစီးနင်းနိုင်ပါတယ် ၁၀၄
၆။ ကဗျာရဲ့ကာယိကဝေဒနာ ၁၀၆
၇။ မူရင်းအတိုင်း ပြန်မရတော့တဲ့ ရှုမျှော်ခင်း ၁၀၈
၈။ မျိုးစေ့ထဲမှာ မရှိတော့တဲ့ အာဏာ ၁၁၀
၉။ Key + Board ထဲမှာ ကဗျာရှိတယ် ၁၁၂
၁၀။ တစ်လမ်းမောင်းလွတ်မြောက်မှု ၁၁၃
၁၁။ သေဆုံးသွားတဲ့ နာမည်များ ၁၁၄
၁၂။ အခက်ဟာ အရည်မဟုတ်ဘူး အခဲ ၁၁၆
၁၃။ အိုရီဂါမိ ၁၁၈
၁၄။ လက်နက်မဲ့ဝင်ရောက်လာတဲ့အလင်း ၁၂၀


mgyoe.com


mgyoe.com


| | | |
|---|---|---|
| ၁၅။ | နှစ်သစ်ကူးပွဲတော် | ၁၂၂ |
| ၁၆။ | မရေးဖြစ်တဲ့ဒိုင်ယာရီ | ၁၂၄ |
| ၁၇။ | အဝိဇ္ဇောဃာ | ၁၂၅ |
| ၁၈။ | နေရပ်ဟောင်းကို ပြန်အောက်မေ့တာ | ၁၂၈ |
| ၁၉။ | ကောက်ပင်လေးတွေ တစ်ရေးနိုးလာတယ် | ၁၃၀ |
| ၂၀။ | အစွန်းရောက်တေးသွား | ၁၃၂ |
| ၂၁။ | မချိန်ဘဲနဲ့ပစ်ရင် ထိဖို့ကျိန်းသေတယ် | ၁၃၃ |
| ၂၂။ | အထူးသတင်း | ၁၃၄ |
| ၂၃။ | ဝမရှိဘဲ ဝိမလုပ်ပါဘူး | ၁၃၈ |
| ၂၄။ | ရှေးဟောင်းသမိုင်းဝင်ဆော့(ဖ်)ဝဲ | ၁၄၀ |
| ၂၅။ | ဘီလူး | ၁၄၂ |
| ၂၆။ | ကကြိုးဝဆွဲ နောက်သိုးမြင်လိုက် | ၁၄၄ |
| ၂၇။ | စတားလုံးပြတိုက် | ၁၄၆ |
| ၂၈။ | သမုဒယမီးတောက် | ၁၄၈ |
| ၂၉။ | ဝိဘဇ္ဇအိပ်မက် | ၁၄၉ |
| ၃၀။ | ငါးပါးမှောက်တဲ့ အဖ္လွတ္တ | ၁၅၁ |
| ၃၁။ | ဓာတ်ပုံအရေးအသား | ၁၅၂ |
| ၃၂။ | ပုံကြီးချဲ့ထားတဲ့ ဘဝရဲ့ကျားကွက် | ၁၅၄ |
| ၃၃။ | မိုးထဲ လေထဲ | ၁၅၆ |
| ၃၄။ | တကယ်တော့ ဓာတ်ပုံတွေက စကားမပြောတတ်ပါဘူး | ၁၅၈ |
| ၃၅။ | ကဗျာနောက်ဆက်တွဲ | ၁၆၀ |
| ၃၆။ | ဒီလန်သောမတ်နဲ့ ကဗျာအတူရွတ်ဆိုကြည့်ခြင်း | ၁၆၂ |
| ၃၇။ | ပေါ်တိုဂရပ်(ဖ်) | ၁၆၄ |
| ၃၈။ | ပရမတ္တသစ္စာ | ၁၆၆ |


❑

mgyoe.com

mgyoe.com



# ဝါကျတွေနဲ့အိမ်

## မောင်နီဦး

mgyoe.com

mgyoe.com

mgyoe.com

# ကိုယ်တိုင်ရေးမှတ်တမ်း

ပစ္စုပ္ပန်အခိုက်တစ်ခဏလေးအတွင်းမှာ ထိရှသွားတဲ့
အာရုံရိပ်တွေပေါ့။ ဆုံတွေ့ကြည့်လိုက်တော့
ပျက်ကျပြိုကွဲသွားတဲ့ ဓမ္မအစဉ်တန်းလေးပါကွယ်။
အဲဒီအခိုက်ခါတ်ကလေးကို ကဗျာအဖြစ်နဲ့
လျှပ်စီးတဝင်းဝင်း မှတ်တမ်းတင်ထားတာပါ။
အားလုံးကို ကိုယ်စားပြုနေတဲ့ စိတ်အခြေအနေတွေ
ဖြစ်ပါလိမ့်မယ်။
ပညတ်တွေမပါဘဲ ပရမတ်စစ်စစ်အထိရောက်အောင်
ကဗျာဖြင့် ဖြည့်ကျင့်ကြည့်ခြင်းပါပဲဗျာ။
ဘဝဆိုတာ တစ်ပြီးလျှင် နှစ်ပါပဲ။ ထို့ထက် မပိုပါဘူး။
ခံစားမှုတွေကတော့ ရှည်လျားလေးလံလှတယ်။
ခန္ဓာရဲ့ အလုံးစုံသော ဒုက္ခတွေကို ကိုယ်ပိုင်ဆိုင်တဲ့
ကဗျာမီးတောက်ကလေးနဲ့ ရှို့ကြည့်လိုက်တယ်ဆိုရင်လည်း
မမှားပေဘူးပေါ့။
အဲဒီလိုနဲ့ ရသပါတဲ့ဘဝဟာ ပိုမိုလှပ
ကြည်လင်အေးမြလာခဲ့ရတယ်။ ။

mgyoe.com

## အမှာ

ပင်လယ်ကို ချဉ်းကပ်ဖို့ မြစ်တစ်စင်းကို ချစ်ခဲ့ရတဲ့
မန်းချောင်းကလေးရေ
ငါ့ရဲ့နှလုံးသားနဲ့လရောင်ကို ထွန်းညှိလိုက်ပါတယ်။
မင်းကလေး ဝင်းပလိုက်ပေတော့။

အိပ်မက်ကိုလွယ်ပိုးထားရခြင်းအတွက် လက်ဆောင်
ဒါ. . . ငါ့ရဲ့လက်ဆောင်ပဲပေါ့
လျှိုမြောင်တောင်စောင်းနဲ့ တောစိမ်းရနံ့တွေကြား
တိတ်ဆိတ်စွာ စီးဆင်းလာခဲ့ရခြင်းအတွက် လက်ဆောင်
ဒါလည်း. . . ငါ့ရဲ့ လရောင်ပဲလေ။

ဟောဒီလရောင်နဲ့
ငါ့ရဲ့ကြေကွဲမှုအလွမ်းတွေကို ပန်းလိုသီထားရစ်ခဲ့မယ်။
အောက်မေ့သတိရခြင်းဆိုတာလည်း
မမြင်ရတဲ့ အနမ်းတွေမဟုတ်လား။

မြစ်ရေ. . . မင်းရဲ့ လှိုင်းတံပိုးကြားထဲမှာ. . . မှ
မင်းကိုယ်တိုင်က နစ်နေတုန်းလား
တို့အားလုံးကတော့ လက်ပစ်ကူးခဲ့ကြ
ဘဝဆိုတာ။ ။

ပန်းဝေသီမဂ္ဂဇင်း
၁၉၉၆၊ စက်တင်ဘာလ

mgyoe.com

## မြစ်ရဲ့စရဏာ

ခေါင်း ငိုက်စိုက်ချ ရင့်မှည့်
ရွှေအတိ ကောက်ပင်တွေကလည်း
ဒါ ငါ့မြစ်။

ခဝါသည်မရဲ့
အူ အခွေခွေကလည်း
ဒါ ငါ့မြစ်။

မဆန်ချင်ဘူး စုန်နေကြ ဒိုက်
အမှိုက်တွေကလည်း
ဒါ ငါ့မြစ်။

အသည်းရောင်
အသားဝါဖြစ်နေတဲ့
သောင် ကျွတ်ကျွတ် ရွှရွှကြီးကလည်း
ဒါ ငါ့မြစ်။

တော်ကောက် ထိမ်းမြားထားတဲ့
အိမ်ရှေ့စံ လရောင်ကလည်း
ဒါ ငါ့မြစ်။

လက်ကြမ်းကြီးနဲ့ သပြေသီးမှည့်တွေ
ခြွေခူးကောက်တဲ့ ဝါဆိုဦးကလည်း
ဒါ ငါ့မြစ်။

mgyoe.com

ကမ်းခြေတစ်လျှောက်
ထူထူထဲထဲ အလေ့အကျပေါက်ရောက်နေတဲ့
သစ်တောအုပ်တွေကလည်း
ဒါ ငါ့မြစ်။

မာယာတစ်သိန်းကို
သူ့လက်ပွေ့အိတ်ကြီးထဲ
မချိမဆံ့ ထိုးသိပ်ထည့်ထားတဲ့ ဣတ္ထိယကလည်း
ဒါ ငါ့မြစ်။

သမုဒ္ဒရာကို ရက်လုပ်နေတဲ့
လှေကလေးရဲ့ ဝမ်းအိမ်ကလည်း
ဒါ ငါ့မြစ်။

သစ္စာရေသောက်
ဖောက်ပြန်တတ်တဲ့ ချောင်းကောတွေကလည်း
ဒါ ငါ့မြစ်။

ဒါ ငါ့မြစ်
ဒါ ငါ့မြစ်
ဒါ ငါ့မြစ်နဲ့
အာခေါင်ခြစ်ပြီး
တွင်တွင် ဟစ်အော်နေလိုက်ကြတာ
[ဘယ်သူတွေ ဘယ်လောက်ချစ်ခဲ့ပါသလဲ]
မြစ်ကတော့
ဖြဟ္မစိုရ်တရားနဲ့
နေတတ်ခဲ့ပါတယ်။ ။

စာပေဂျာနယ်
၁၉၉၅၊ ဒီဇင်ဘာလ

mgyoe.com

mgyoe.com

## ရိုက်ကွင်းဓာတ်ညွှန်း

ညနေခင်းတိမ်တွေ ထန်းတောထဲဖြတ်ပြန်တော့
ကျွဲခိုးပေါ်တာပေါ့။

နွားတစ်အုပ်က ချာတိတ်ကလေးကို
ပြန်ကျောင်းတော့ နေလုံးကြီးလည်း အိပ်ချင်ပေါ့။

မိုးလေဝသက တို့ဘက်မှာ ပါမလာတော့
ရာသီဥတုက ရင်ထဲမှာ ခြောက်သွေ့ပေါ့။

ယာခင်းတွေဆီကနေ ကောင်းကင်ပေါ် မိုးတွေရှာချတော့
မျက်ရည်တွေနဲ့ပေါ့။

ရေစင်တွေနဲ့ ပက်လိုက်တော့
ဟော သူလည်း မီးထတောက်ပြန်ရော။ ။

၁၉၉၉ ခုနှစ်

mgyoe.com

mgyoe.com

## ပဒေါင်းလမ်းဆုံ

အပြာရောင်တေးသွားနဲ့ စမ်းရေစီးသံလေး
အရှိအမှန်အတိုင်း ဖွဲ့နွဲ့ထားတဲ့ သတ္တမနေ့အလွမ်းထဲမှာ
နောက်ဆုံးဝေဒနာဟာ မင်းပါပဲ။

နောက်ဆုတ်ပေးစရာ လမ်းမရှိဘူးလို့
အဲဒီအပိုဒ်ကို တို့ပြန်ပြန်ပြီး ကျော့နေရ
ဆိုင်းမပါ ဗုံမပါ သက္ကရာဇ်တွေ။

သစ်ရွက်ခြောက်တွေ စိန်ပြေးတမ်း ကစားနေကြ
စိတ်ကူးသစ်တွေကတော့ အလျှံညီးညီး
ဒီတောမီးက တောင်ယာထဲကလား
သူဟာ အသည်းကွဲသူ တစ်ယောက်ပါ။

ပြုသူအသစ် ဖြစ်သူအဟောင်း သံသရာလမ်းကြောင်းထဲမှာ
ဖုန်ထောင်းထောင်းထအောင် သွားခဲ့ပြီးမှ
မြင်နေရပြီလား ချစ်တဲ့သူနေတဲ့ရွာကလေး
ဟိုး. . . အဝေးမှာ။ ။

၂၀၀၂ ခုနှစ်

mgyoe.com

## အတ္ထုပ္ပတ္တိ

မုသားစကားတွေ ခြွေချတိုင်း
အမှန်တရားတွေ ကြွေကြွေကျ
ဘဝဟာ အရိုးပေါ်အရေတင်လို့
အဩတ္တကို ပန်းပုထုကြည့်ပါလား
မီးခိုးငွေ့တွေ အူထွက်လာမယ်
ပန်းပွင့်ကလေးလို နေချင်လိုက်တာတဲ့
သူ့ခမျာ
မြေကြီးအောက်ကိုပဲ ရေသောက်ဆင်းခဲ့တော့တယ်
သစ်ရွက်ကြွေလေးတွေ ကောက်ယူကြည့်မိတော့မှပဲ
ရော. . . သူ့ဓာတ်ပုံလေးတွေ ဖြစ်နေတယ်။ ။

မြားနတ်မောင်မဂ္ဂဇင်း
၁၉၉၇၊ အောက်တိုဘာ

mgyoe.com

## ဝါကျတွေနဲ့အိမ်

နှလုံးသားကို အစားထိုး ပုံးတစ်လုံး တပ်ဆင်ထားတဲ့သူနဲ့
အိပ်ရာဝင်ခဲ့မိတဲ့ နံနက်ခင်း
ချစ်ခြင်းတရားဟာ မီးမှာကျရောက်ခဲ့ပြီ။

မျက်စိလည်နေပေမယ့် လမ်းမမှားဘူး
ကိလေသာကို ခြေရာကောက်ဖို့
ငါ့ကို နောက်ဆုတ်ချန်ရစ်ခဲ့။

ဝင့်ခင်းဝင့်နွှယ် ရှည်လျားလွန်းတဲ့ အဝိဇ္ဇာဒရမှောင်တိုက်မှာ
လူမိုက်တွေက ပေါပါဘိနဲ့
သတိတစ်ချက် မပျက်ယွင်းဘဲ
ငါဟာ ခမ်းခမ်းနားနား လက်နက်ချ ကျဆုံးပြချင်တယ်။

ကိုယ်သာနာ၍ စိတ်မနာခဲ့ပါဘူး
တင်ခဲ့ဖူးသောကြွေး ကျေအောင်ဆပ်ရ
တစ်ဘဝ တစ်ခန္ဓာ
အဲဒီမီးက ရေကိုလောင်တဲ့မီးပါ
စကားလုံးတွေ ပြာကျမသွားသေးဘူး။ ။

Emperor Magazine
၂၀၀၅ ခု၊ မတ်လ

mgyoe.com

## တစ်ကိုယ်ရေအတွေ့များ

ဖြောင့်ဖြူးတဲ့လမ်းမများပေါ်
ဝက်ပါလိုသွားခဲ့ကြ
ရထား နောက်ကျဝင်ခဲ့ပြီ။

ချိန်ရွယ်ထားတဲ့သစ်သီး အလန့်တကြား ကြွေကျ
အရသာနဲ့ လွဲခဲ့တဲ့ ခံတွင်းပျက်နေ့များ
ဘဝဇာတ်ခုံအလီလီကို
ရယ်မောစရာတွေနဲ့ ဖြုတ်ကြည့် တပ်ကြည့်ရင်း
နှုတ်ဆက်ဝမ်းနည်း လမ်းခွဲခဲ့ကြ။

ကိုယ့်အရိပ် ကိုယ်ပြန်လန့်လို့
ပိတ်ရမယ့်တံခါးတွေကို ဖွင့်မိတယ်
ဖွင့်ရမယ့်တံခါးတွေကို ပိတ်ခဲ့တယ်
ကိုယ်စိတ်နဲ့ကိုယ် ရန်ဖြစ်
ရေတိမ်နစ်ခဲ့ရတဲ့ အာသီသတွေ
လိုအပ်ပြီးရင်း လိုအပ်နေ။

ဘယ်လိုတွေးပြီး ဘယ်လိုရေးရမှာလဲ
လေးကြောင်းမျဉ်းထဲမှာ ကွေ့ကောက်
လမ်းလျှောက်ရင်း လမ်းပျောက်သွားခဲ့တယ်။ ။

၂၀၀၄ ခုနှစ်

mgyoe.com

mgyoe.com

## မုန်တိုင်းရဲ့အနုပညာ

နှင်းဆီကိုချစ်လို့ ဆူးစူးခံဝံ့ပါတယ်
ကိုယ့်ရင်ထဲက နှလုံးသားလေးကို
ကိုယ်ပြန်ပြီး ကျောသပ်
နှစ်သိမ့်လို့ လွမ်းတတ်ခဲ့ပြီ
အချိုမြိန်ဆုံး အရသာတွေထဲမှာ
မျိုသိပ်ထားရတာတွေလည်းပါတယ်။

မျက်ဝန်းအိမ် ကဲလားပေါက်ကို
သောကနဲ့ ဒေါက်ထောက်လို့
ကြေကွဲမှု မိုးရေပေါက်တွေက
ရင်ထဲထိ တောက်လျှောက်စိုရွဲနေတုန်း။

ကြွေကျသွားတော့မှ ပိုစိမ်းနေတဲ့
သစ်ရွက်တွေရဲ့ ဈာပနကို
လေညင်းကလည်း ဂီတနဲ့လိုက်ပို့ဦးမယ်ဆို။

အတွင်းကနေ
အပြင်ကို လှမ်းမကြည့်တတ်သူတွေကြားထဲမှာ
အပြင်ကနေ
အတွင်းကို မြင်အောင်ကြည့်တတ်သူအဖို့တော့
တရားတွေ အများကြီးရခဲ့ပါတယ်။ ။

မဟေသီ
၁၉၉၇၊ စက်တင်ဘာ

mgyoe.com

mgyoe.com

# တြိ

သူငယ်ချင်းသုံးယောက်
ကံကြမ္မာအလှည့်အပြောင်းကြောင့်
တစ်ယောက်တစ်နေရာဆီ ဝေးနေကြပြီ။

နယူးယောက်(ခ်)မှာ အဝါနေသည်
လန်ဒန်မှာ အနီရှိသည်
မန္တလေးမှာ အပြာတို့ဖြစ်သည်။

တစ်အိုးတစ်အိမ်နဲ့
တစ်ကြိမ်တစ်ခါမှ
ကွဲကွာပြီးကတည်းက မတွေ့ကြတော့။

အီးမေးလ် အင်တာနက်ကွန်ရက်ကနေလည်း
အဆက်အသွယ် ပြတ်တောက်
မတွေ့လောက်တော့ဘူးလို့ ထင်နေတုန်း
ဗြုန်း ဆို
ကောင်းကင်ထဲမှာ သုံးယောက်သား
ရေးထိုးထားလိုက်တဲ့
သက်တံ တံတားတစ်စင်း
မင်း ခုချက်ချင်းမော့ကြည့်လိုက်။ ။

စတိုင်သစ်မဂ္ဂဇင်း
၂၀၀၃ ခု၊ မတ်လ

mgyoe.com

mgyoe.com

## အလွမ်းလက်ဆောင်

မျှော်လင့်ခြင်းအနမ်းတွေနဲ့
ငါ့ရဲ့ဝိညာဉ်တွေ အကြိမ်ကြိမ် ပျံသန်းလာခဲ့ပါ့မယ်ကွယ်။

လှောင်အိမ်ထဲမှာတော့ မနေရပါဘူး
တောင်ပံတွေ ရိုက်ချိုးခံထားရတဲ့ ငှက်တစ်ကောင်ပါ
အဲဒါ ဘာများထူးလို့လဲ
ငါ့ ရင်အုံပေါ်
နွေဦးပေါက် ရော်ဝါရွက်တွေ တစ်တောလုံး ကြွေကျနေလိုက်တာ
ဝါးပလွေလေးသာရှိခဲ့ရင်
ဟောဒီ ရှုမျှော်ခင်းကြီးကို
ငါတေးဖွဲ့ ကျူးမိလိမ့်မယ်
အလွမ်းတွေကတော့ တောင်ယာမီးထဲ ပါသွားခဲ့ပြီလေ။

လရောင်ကလည်း
ခေါင်ရည်အိုးထဲ ခေါင်းစိုက်ချ
ပြီးတော့ ရိုးမကို ခေါင်းအုံးအိပ်ခဲ့ကြတဲ့ ညတွေ
ဒီဂျစ်တယ်ဆန်တဲ့ ကြယ်တွေရဲ့ ဖြေသိမ့်မှုအောက်မှာ
သန်းခေါင်ယံဟာ ရှည်လျားလွန်းလှချည်ရဲ့။

mgyoe.com

mgyoe.com

ကိုယ်ဝန်ဆောင် တိမ်တွေက
တောင်တန်းကြီးကို လျှော်လို့ဖွပ်လို့ပါလား။
တောင်တန်းကြီးကတော့ စမ်းချောင်းကလေးကို ပြန်လျှော်ဖွပ်
စမ်းချောင်းကလေးကလည်း ချင်းမလေးကို တစ်ခါပြန်လျှော်
တောအုပ်ရဲ့ သန့်စင်တဲ့အပြုံးမှာ သစ်ခွရိုင်းတွေက လှိုင်းထလို့ကွဲ့
ဒါဆို ဝင်းပတဲ့လေကလည်း သင်းပျံ့နေကြရော့မယ်
(ဖဝေးရေ)
အဲဒီအခါ မျှော်လင့်ခြင်း အနမ်းတွေနဲ့
ငါ့ရဲ့ ဝိညာဉ် အကြိမ်ကြိမ်ပျံသန်းလာခဲ့ပါ့မယ်ကွယ်။ ။

ချယ်ရီမဂ္ဂဇင်း (အမှတ်-၄၆)
၁၉၉၈ ခု

mgyoe.com

mgyoe.com

## အမေမြို့

မြို့လေးရဲ့ရင်ခွင်ထဲ
အမြဲရောက်တိုင်း အေးမြ
လွမ်းရ ဆွေးရ
နေသားမကျနိုင်တာက သားတို့ပါ အမေ။

ရောက်တုန်းရောက်ခိုက်
တို့ ညီအစ်ကို သုံးယောက်
ဖိုခုံလောက်ဆိုင် ထမ်းထားကြမယ်
လက်ညှိုးမလွဲလောက်အောင် မွှေးမြ
ရောင်စုံပန်းတွေလှပလို့
သဘာဝက ဖူးပြီးပြီဆိုရင်
အမှန်တကယ်ပွင့်ခဲ့တယ်။

အမေနဲ့ တူတဲ့မြို့
သားတို့ခွဲပြီး မဝေးချင်တော့လို့
တစ်မြို့လုံးက ပန်းတွေတင်လှူ ဆုတောင်းစို့။ ။

သည်းထိတ်ရင်ဖို၊ ၂၀၀၃၊ ဩဂုတ်

mgyoe.com

## ပန်းပွင့်မီးလျှံ

သပျစ်ဝိုင်ကို ချင်ခြင်းတပ်မိတော့
သပျစ်သီး ချိုတာကို လက်လွှတ်ဆုံးရှုံးခဲ့ရပေါ့။

ရမွှက်ဟာ ဖွဲ့မီး တညီးညီးတောက်လောင်
အပူရောင်တွေလား
ယူဆောင်သွားမယ်ဆို။

မြက်ခင်းစိမ်းတွေ မပေါက်ရောက်တော့ဘူး
အရသာကို ကောင်းကောင်းခံစားတတ်တဲ့
ကမ္ဘာကြီးရဲ့ ချိန်ခွင်လျှာမှာ
ဘယ်သူဟာ
ဘယ်လို အလေးခိုးတင်ခဲ့ပါသလဲ။

စကြဝဠာရဲ့ တံခါးပေါက်ကို
ငိုသံတွေနဲ့ ခေါက်ခေါက်ပြီး လူးလှိမ့်ဝင်လာကြ
တခစ်ခစ် ရယ်မောသံတို့
အထိတ်တလန့် ကျ ကျကွဲ
ကောင်းကင်ကြီးနဲ့တော့ မလွဲချင်ဘူး။

သိုးကလေးလို တစ်ဘဝလုံး နေထိုင်ပြီးခါမှ
ကျားတစ်ကောင်လို တစ်မနက်လောက် နေထိုင်ပြလိုက်ချင်ရဲ့
လောကကြီးကို တစ်ခါတစ်ခါ
မေတ္တာတရားနဲ့ ညှို့ထားရတာ
ပင်ပန်းကြီးတယ်။ ။

ချယ်ရီ၊ ၁၉၉၇ ခု၊ ဩဂုတ်လ

mgyoe.com

mgyoe.com

## အပိုဒ်တွေမစုံသေးတဲ့ရတု

သူ့မှတ်ဆိတ်တွေကို
သူပြန်ရိတ်ဖို့ဝန်လေး
သူ့အတွေးနဲ့တိတ်ဆိတ်
သူ့အရိပ်က ကြီးတယ်။

ကမ္ဘာမြေကြီးဆီမှာ
သူ့ခြေထောက်တွေ
သူပြန်ထောက်
ကောင်းကင်ကြီးကို
သူ လမ်းပြန်လျှောက်တယ်။

နေရောင်စူးစူးတွေကြောင့်
သူ့အညွန့်အဖူးတွေ
မညှိုးနွမ်းစေရဘူး ဆိုတဲ့အကြောင်း
အမြနားထောင်ပြီး
ပြောပြတတ်တယ်။

မိုးရေစက်တွေ
သူ့မျက်လုံးအိမ်မှာ တွဲခို
ရှိုက်ငိုခဲ့ဖူးတယ်။

mgyoe.com

mgyoe.com

ငွေလမင်းကို
အလုအယက်ဟပ်ထိုးခံ
သူ့ရင်ခုန်သံကို ဖော်ကျူး
အိပ်မက်ဖူးတယ်။

ငှက်ကလေးရဲ့သီချင်းနဲ့
သက်ပြင်းတွေကို မျိုချ
သူ့အလှအပတွေနဲ့ လိမ်းခြယ်
ဟန်ဆောင်ပြတတ်ပြန်တယ်။

ဒါပေမဲ့လေ
ဖော့ဖယောင်းလို
နွဲ့ပျောင်းတဲ့
သူ့လက်ချောင်းလေးတွေမှာ
စိန်တစ်ပွင့်နဲ့မြှူချော့
မင်း ပင်းတော့ ခေါ်မသွားပါနဲ့ကွယ်
သူ့ချစ်ခြင်းက ရိုးသားခဲ့တယ်။ ။

စတိုင်သစ်၊ ၁၉၉၄၊ မေ

mgyoe.com

mgyoe.com

## ခမ်းနားလွန်းတဲ့ အဝိဇ္ဇာ

အလင်းရောင်ရှိနေပေမယ့် မှောင်နဲ့မည်းမည်း
အပ်ကျသံက ကျယ်လောင်လွန်းတယ်
ဘယ်သူမှ အပြင်မထွက်ရဲဘူး
ဝါးရွက်ခတ်သံတွေက တရှူးရှူးတရှဲရှဲ
တကျွီကျွီနဲ့ ဒန်းကို ဘယ်သူလာလွှဲနေသလဲ
ပြတင်းတံခါးတွေဖျတ်ခနဲ ပွင့်လာကြ
စံပယ်ပန်းရနံ့တို့ မွှေးမြမြလာ
ဝိညာဉ်များရဲ့ မြည်သံစွဲအလက်ာ
ဗုံသံ တယောသံ စောင်းသံ မိုးခြိမ်းသံ
တစ်ခန်းလုံးရှိ စာရွက်တွေ သတင်းစာတွေ စားပွဲတွေ
ပန်းအိုးတွေ ကော်ဖီခွက်တွေ ကီးဘုတ်တွေ
မောက်စ်တွေ ပန်းချီကားတွေ
သက်မဲ့အရာအားလုံး လေထဲမှာ ကခုန်နေကြ
အလာ့ဂျစ်ရနေတဲ့ အဇ္ဈတ္တ စိတ္တဇဟာ
သနားစရာ အလွန်ကောင်းပါတယ်
ဖဿပစ္စယာ ဝေဒနာ
တဏှာနဲ့ သံသရာကို သက်ဆိုးရှည်ခဲ့ကြပုံများ
နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး
အခမ်းအနားကို တို့ဖွင့်ကြမယ်။ ။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
၂၀၀၄၊ မတ်လ

mgyoe.com

## အဝိဇ္ဇာ (၁)

ညီမလေးက
ဖွင့်လို့ရရင် တံခါးတွေကိုဖွင့်ပေးပါ
သူက လေနဲ့အတူ ရွက်လွှင့်သွားချင်တယ်တဲ့။

မီးခိုးငွေ့တွေလို အူထွက်နေတဲ့ ခပ်ညံ့ညံ့ ကြွားဝါသံများ
ဗလာကျင်းတဲ့ ရင်ထဲက အူလိုက်သည်းလှိုက် ရယ်မောသံများ
လျှာပေါ်မှာ ဘရိတ်ပေါက် ကျွံကျသွားတဲ့ဝါကျများ
နေ့စဉ် အဆိပ်သင့်နေကြတဲ့ နှလုံးခုန်သံများ
ဒရောသောပါး လမ်းပြောင်းပြန် မောင်းဝင်လာခဲ့ကြ။

မောဟတွေကို
တစ်ပုလင်းပြီး တစ်ပုလင်း
ဖွင့် ဖွင့်သောက်
အလွန်အကျွံသောက်မိထားတဲ့သူနဲ့ လက်မထပ်ချင်ဘူး။

mgyoe.com

mgyoe.com

နားက အမှောင်ကိုကြားနေရတယ်
ထိုင်နေကျအလင်းဆိုင်မှာလည်း
အလင်းတွေကုန်နေပြီပဲ
အေးစက်စက် မျက်ဝန်းများနဲ့ ကြည့်နေလိုက်ကြတာ
အော်သံတွေကို မြင်လို့လား။

တစ်ဘဝလုံး
တဝုန်းဝုန်းနဲ့
ကမ်းပါးယံကြီးတွေ ပြိုပြိုကျ
အထူးပွဲပြခဲ့ရတဲ့ညတွေ။

သံသရာ တဲ့
အားလုံးပေါင်းရင် သုံးလုံးထဲရယ်
သူ့ထက်ရှည်တာ မရှိတော့ဘူး။ ။

၁၉၉၃ ခုနှစ်

mgyoe.com

## အဝိဇ္ဇာ (၂)

ပလပ်ထိုးပြီး ခလုတ်ဖွင့်လိုက်တော့
လမင်းကလည်း မလင်းဘူး
တစ်စုံတစ်ခုတော့ မှားနေပြီ
ဟောဒီညကို မှောင်စေဖို့
လက်ညှိုးညွှန်ပြခဲ့တာ ငါပေါ့။

ပြောပြတိုင်းသာ နားထောင်နေကြရတယ်
နားထောင်နေသူတွေရဲ့ နားရွက်ကြီးတွေက
အတင်းပြောတတ်ပါပေရဲ့ အဆန်း။

နေရောင်ခြည် လေပြည်ညင်း ငှက်ကလေးတွေနဲ့
ပန်းကလေးတွေကို
ကျွန်တော် သွားတွေ့လိုက်ဦးမယ်တဲ့
ငါကတော့
အမှောင်ထဲမှာ ဆက်ပြီး ငုတ်တုတ်ထိုင်ကျန်ရစ်ခဲ့တယ်။

သန္တိ ပက္ခာ အပတနာ
သန္တိ ပါဒါ အဝဥ္စနာ
ဒီနေရာမှာ
စာသားမပါတဲ့ ဂီတသံစဉ် တစ်ခုကို ခံစားကြည့်ပါ။
တုံးမောင်းခေါက်သံကြားရပြီ။ ။

၁၉၉၅ ခုနှစ်

mgyoe.com

## ခန္ဓာနှင့် ပေါင်းသင်းကြည့်ခြင်း

ငါ့အဝိဇ္ဇာ+ငါ့သင်္ခါရ = ငါ့ဇာတိ
ငါ့မှာရှိနေတာ ရန့်မပါတဲ့ ငါ့အပွင့်တွေပါ
ငါ့အလင်းရောင်ကလေးရေ
မင်းကို ဖွင့်ကြည့်ချင်လိုက်တာ
ငါ့ဒုက္ခနဲ့ငါ မှောင်နေပြန်သေးတာ
ငါ့တစ်သံသရာလုံးပါပဲကွာ။

ငါ့ဇာတိ+ငါ့ဇရာ+ငါ့ဗျာဓိ+ငါ့မရဏ = ငါ့လေးသင်း ပယ်ရှာ
လေးရက်တက် လေးရက်ဆင်းရတဲ့
ဟောဟိုက မြင်နေရတဲ့ ငါ့တောင်တန်းကြီး
ငါ့အရိုးတွေနဲ့ ခံ့ခံ့ညားညား ငါခင်းကျင်းထားတာ
ငါ့အလောင်း ငါထမ်းပြီး ငါပြန်ခဲ့ရတာ
ငါ့လမ်းဆုံးက ငါ့ရွာအဝင်မှာ ငါမမြင်ခဲ့ရဘူး။
ငါတို့အားလုံး သည်းခြေရှူး။

ဝိဇ္ဇာ+စရဏ = နိဗ္ဗာန်
မိုးပေါ်ကလည်း ကျ မလာနိုင်သလို
မြေကြီးထဲကလည်း မတူးဆွရပါဘူး
ခန္ဓာထဲမှာ
'ငါ'ကို ဖြုတ်ပြီး ဖတ်တတ်ကြရဲ့လား
ထိုသူများ
သစ္စာ+တရား ရကြပါစေသား။ ။

ဘာသာသွေးမဂ္ဂဇင်း၊ ၂၀၀၁ (နိုဝင်ဘာ)

mgyoe.com

## ကျွန်တော့်မှာ ရိုးရိုးလေးပဲလွမ်းနေခဲ့

ဘာမှလွမ်းစရာမကောင်းတော့တဲ့
တောင်တန်းလေးဟာ ကျွန်တော်ပါပဲ။

ရင်ထဲမှာအမြဲ စိမ်းလန်းနေတဲ့ သစ်တောလေးကတော့
ကျွန်တော့်ရဲ့ နှလုံးခုန်သံတွေပါ။

မျှော်လင့်လို့ရတာကတော့ ကျွန်တော့်အိပ်မက် ပန်းခြောက်တွေပါ
ကျွန်တော့်မှာ ဘာမှလွမ်းစရာမရှိတော့ပါ။

တကယ်ဆို မိုးတွေ ရွာချလိုက်ဖို့ကောင်းတယ်။
ကျွန်တော့်မှာ ဘာမှလွမ်းစရာမရှိတော့ပါ။

ဖြစ်နိုင်ရင် တိမ်တွေကို စီးနင်းပြီး
လျှပ်စီးလေးဝင့်လို့ မိုးခြိမ်းသံတွေပေးချင်တယ်
ကမ္ဘာမြေဟာ မြေဆီမြေနှစ်တွေ နည်းနေပြီမို့လား
မေတ္တာတရား မိုးနည်းရပ်ဝန်းမို့
ကျွန်တော့်မှာ ဘာမှလွမ်းစရာမရှိတော့ပါ။

mgyoe.com

mgyoe.com

အာဟာရမဖြစ်တော့တဲ့ခာတ်စာအချို့ ယူဆောင်လာတဲ့မိတ်ဆွေငဲ့
ကျွန်တော့်တွင် ဘာမှလွှမ်းစရာမရှိတော့ပါ။

အတောင်ပံမဲ့ ပျံသန်းလာတဲ့ အနာဂတ်နဲ့လက်မထပ်ချင်တော့ပါ
ကျွန်တော့်တွင် ဘာမှမရှိတော့ပါ။

ညဏ်မပါတဲ့မျက်လုံးများဖြင့် မှောင်နေသူကို လမ်းကူ၍ပြပေးပါ
ရင်ထဲမှာဌာပနာထားတဲ့ စေတီလေးကိုဦးခိုက် ပူဇော်လိုက်ပါတယ်။

ကျွန်တော့်တွင် ဘာမှမရှိတော့ပါ
စိတ်ကို ထောင်ထားတဲ့ပုံး တက်နင်းမိတဲ့ ကိလေသာ
ကျွန်တော့်တွင် ဘာမှမရှိတော့ပါ
ကျွန်တော့်တွင် ဘာဆိုဘာမှလွှမ်းစရာမရှိတော့ပါ။ ။

၂၀၀၁ ခုနှစ်

mgyoe.com

## ကခုန်နေတဲ့ရှာပန

ကြည့်မိလိုက်တယ် ငါ့မှာသံသယ
လက်ဆွဲနှုတ်ဆက်တတ်တဲ့ နာကျင်မှုတွေကို
ကြားမိလိုက်တယ် ငါ့မှာသံသယ
ခြေသံလုံတဲ့သောက ရန့်တွေကို
ရှူမိလိုက်တယ် ငါ့မှာသံသယ
ရယ်သံတွေနဲ့ အရသာကို
စားမိလိုက်တယ် ငါ့မှာသံသယ
တိတ်ဆိတ်ခြင်းရဲ့ သံစုံတေးတွေကို
ထိမိလိုက်တယ် ငါ့မှာသံသယ
လွဲချော်မှုတွေနဲ့ ချိန်းဆိုထားတာတွေကို
ခံစားမိလိုက်တယ် ငါ့မှာသံသယ
အလိမ်ဝိဉာဉ် အကောက်ဝိဉာဉ်တို့ရဲ့ ဇာတ်ပို့ဇာတ်ရံတွေကို
ဓာတ်ပေါင်းဖိုကြီးထဲက သေမထူး နေမထူး အနိုင်လိုချင်မှုတွေ
အာရုံတွေပေါက်ကွဲတိုင်း လိုက်ပို့ကြမယ်ဆို
အတောမသတ်နိုင်တော့ဘဲ အနိစ္စ ဒုက္ခရုပ်အလောင်းများ
ချည်ခင်ထွေးလို လမ်းမတွေပေါ် တရွရွသွားလို့
နေချင်စဖွယ် ပြင်ဆင်ထားတဲ့ ရွှေ့လျားသချိုင်းထဲ
မရပ်မနား လှည့်ပတ်ပြေးလွှားရင်း
ကိုယ့်ဇာတ်ကို ကိုယ်ပြီးအောင် ကခဲ့ကြ။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
၂၀၀၅ ခုနှစ်၊ ဩဂုတ်လ

mgyoe.com

mgyoe.com

## မိုးတွေရွာတဲ့ နေ့တစ်နေ့အကြောင်း

အလုပ်ရှုပ်ချင်ယောင် ဟန်ဆောင်တတ်တဲ့သူတွေအထဲ
မိုးတိမ်တွေလည်းပါတယ်။

သူကိုယ်တိုင်
သူ့ကိုပြန်လှည့်စား ထားရစ်ခဲ့
သံသရာ ခရီးသည်
သွားနေရင်းမရောက်နိုင်သေးတဲ့ လမ်းရှည်တစ်ခုဖြစ်တယ်။

မျက်စိလည်နေတဲ့ ခြေထောက်တွေဆီ
တောင်ပံတစ်စုံနဲ့ လမ်းညွှန်မြေပုံ ပို့လိုက်လည်း
မထူးဘူးလေ။

တစ်သက်တာ ဟောစာတမ်းမှာ
ဇာတာစန်းလဂ်တွေက အညံ့များတယ်
ရေအိုးထဲမှာ ရေအပြည့် ခပ်ကြည့်လိုက်တော့မတွေ့
ကုသိုလ်တရားကို မေ့နေတဲ့ နာမ်ခန္ဓာလေးပါးဟာ
မျက်လှည့်ဆရာတစ်ယောက်ဖြစ်တယ်။

ခေါင်းဝင်ကိုယ်ဆံ့လာပြီဆို
စိတ်ကြီးဝင်တတ်တဲ့ ကောင်းကင်လည်း
ပေါ်ကြော့တွေနဲ့ ခမ်းခမ်းနားနား မည်းလို့။ ။

၂၀၀၀ ခုနှစ်

mgyoe.com

mgyoe.com

# မိုး

ဖြစ်ကတတ်ဆန်း ချိတ်ဆက်မှုများနဲ့
ဇိမ်ကျလွန်းတဲ့ ဒရောသောပါး ရင်ခုန်သံများ
ရုပ်ပြောင်းရုပ်လွှဲ အညိုရောင်ကူးစက်ရောဂါများနဲ့
ဆွံ့အ နေရတဲ့ ဖျော်ဖြေပွဲများ
မှန်းခြေကိုက် အလေးခိုးတင်ထားတဲ့ ချိန်ခွင်လျှာများနဲ့
ကမ္ဘာကြီးပူနွေးမှုထဲက ယဉ်ကျေးမှုပါရာဒိုင်းများ
အကြမ်းဖက်တွေကို ဘီသိက်မြှောက်မှုများနဲ့
ရုပ်မှုရွာမှုမကင်းနိုင်သေးတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းသံစဉ်များ
မလွှဲမရှောင်သာ အပြောများ အများပြောတဲ့ လောကပါလတရား
အသေးအဖွဲကနေ အကြီးမားဆုံးသတင်းပေါက်ကွဲမှုအထိ
လျှော့တွက်လို့မရအောင် ပွင့်ထွက်လုနီးပါး
နေ့ဆိုင်းညဆိုင်းတွေနဲ့ အနုပညာဟန်ဆောင်ထားရင်း
မလွှဲမသွေ သေသူတွေ ရှိတဲ့အရပ်မှာ
ရေမြောင်းလို လူတွေအတွက်
ရေပန်းတွေကို
ကျွန်တော်. . . တပ်ဆင်ပေးခဲ့ပါတယ်။ ။

၁၉၉၈ ခုနှစ်

mgyoe.com

mgyoe.com

## ပဥ္စလက်မိုး

တိမ်တွေကို ထွန်ယက်ပြီး
စိတ်ကူးတွေကို စိုက်ပျိုးလိုက်တဲ့အခါ
အို
သောကမိုးတွေ တဖြိုင်ဖြိုင် ရွာချလာတယ်။

ဒီမိုးပေါ့
အစိုးမရတဲ့ နွားသိုးတွေလား
ရင်ထဲမှာ
ခဏခဏ ချောင်းရေတွေကျ
ဒုက္ခနဲ့ မိတ်ဖွဲ့
ရင်နင့်နေရတဲ့ သူပါကွယ်။

အကြိမ်ကြိမ်ပါပဲ
ဖြတ်ကူးခွင့်မရတဲ့
မျှော်လင့်ချက်တွေကတော့
ချောင်းတစ်ဘက်မှာ
မိုးတွေရဲ့
အသည်းတွေ ကွဲနေလိုက်တာ။

အနမ်းပွင့်တွေ
ခြွေ ခြွေ ခြွေချ
မိုးတိမ်တွေကတော့
ကမ္ဘာမြေကို နှစ်သိမ့်ကြပေါ့။ ။

စံပယ်ဖြူ
၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီ

mgyoe.com

mgyoe.com

# ထွန်တုံးကိုတဲ့ ခြေတော်တင်

လဲလျောင်းရင်း လမ်းလျှောက်တဲ့အတွေးနဲ့ အားမရဘူး
ပူဖောင်းလိုပျံတက်ချင်ကြ
တပ်မက်မှုတွေနဲ့ ပျော်အောင်ချော့ထားတော့
ခြေသံက ခေါင်းမော့သွားနေပေါ့။

အစကိုခြေနဲ့ချော်မိခဲ့ရာက အဆုံးကို လက်မှာမြဲခဲ့တယ်
လွဲမှားစွာရောက်ရှိလာတဲ့ မတော်တဆများလား
မတော်လို့မရ ခေါ်ခဲ့ကြရင်း
ဖြစ်စဉ်များရဲ့ ဟိုမှာဘက်
အနောက်တောင်ဆီက တိမ်တိုက်များ
ဆယ်ယူထားလိုက်စမ်းပါ့ကွယ်
မကြာမီရွာမယ့်မိုးက
တို့လယ်ကို အထွက်တိုးစေလိမ့်မယ်။ ။

Future Light
၂၀၀၅ ခုနှစ်၊ ငွန်

mgyoe.com

mgyoe.com

## အိပ်မက်ဖြစ်သွားတဲ့ည

ချိုမြတဲ့ အလွမ်းတွေနဲ့
ပင်ပန်းကြီးစွာ ပျိုးကြဲရ
ရင်ထဲမှာ ရှင်သန်တော့
ခင် ပန်ဖို့ပဲပေါ့။

တုန်ခါနေတဲ့
တယောကြိုးပေါ်
ငါ့ဝိညာဉ်ခိုနား
ငါ့ရင်ခုန်နှုန်း
တဝုန်းဝုန်းပင်လယ်
ကြေကွဲဖွယ်ည။

လရောင်ဖဲကြိုး စည်းနှောင်
သစ္စာလက်ဆောင်
ချစ်သူ့ ပြတင်းပေါင်
ဖေးမဆောင်ကြဉ်း
အို လေပြည်ညင်းရယ်။

ချစ်သူ့အရိပ်
ညအဆိပ်ဟာ
ငါ့ကို ချော့သိပ်ခဲ့ပြန်ပြီကွယ်။ ။

စတိုင်သစ်၊ ၁၉၉၄ ခုနှစ်

mgyoe.com

## ဖော်မဲ့လိပ်ပြာ

"ထွားထွားငယ်ကြေ
အောင်လေဖူးပါစ
ဆိမလူး ပေဖူးစာနှင့်"

လွမ်းမောလှိုက်ခုန်
ရင်ကြာမုံ
မလုံမလဲ
မျက်နှာရဲ
ဖေသိမှာလည်း ကြောက်တယ်တော့။

မောင်ကြီးအကြောင်း
ယိမ်းနွဲ့စောင်း
မောင်းထောင်းဆန်ပြာ စိတ်မပါ
ဖိတ်ကာသွားပေ့ါ မေဆူတော့။

သနပ်ခါးဖွေး
စံပယ်မွှေး
အတွေးလိပ်ပြာ
ရှက်သွေးဖြာ
လိမ်းကာခြယ်သ လွမ်းသတော့။

mgyoe.com

mgyoe.com

မောင်လေးချော့သိပ်
ပုတီးစိပ်
အိပ်မယ့်အမေ
ချောင်းဟန့်နေ
သိလေပြီလား စိုးသတော့်။

ပန်းချုံနံဘေး
စောင့်မျှော်ငေး
မှုန်ရေးရုပ်သွင်
သျှောင်ကြီးရှင်
ထင်ယောင်ဝိုးဝါး မြင်တယ်တော့်။

ရွက်ချင်းယှက်ထိ
စောင်းကြိုးညှိ
လှောင်ယိနေလား
စိတ်ကစား
လွမ်းဖျားရှည်ည များသတော့်။

စစ်မြင်းခွာသံ ရွာတောင်ယံ
ကြိမ်ဖန်နားကြား
ထင်ယောင်မှား
မောင်ကြီးလေလား ကြိုမိတော့်။

mgyoe.com

ရွာဦးစေတီ
လက်အုပ်ချီ
ဆီမီးပန်းကပ်
အပူဓာတ်
ရှုပ်ဇာတ်အရေး အေးစေတော့။

ပြည့်ဝန်းသောလ
လှောင်ရယ်ည
သောကရေဆန် အထိးကျန်
မောင်ကြီး မြန်မြန် လှမ်းခဲ့တော့။

"ထွားထွားငယ်ကြေ
အောင်လေဖူးပါစ
ဆီမလူး ပေဖူးစာနှင့်
မှာလိုက်တဲ့ရှင်
အပျိုဖြူမယ့်မှာကျွမ်း
လွမ်းတို့တင်လေး"။ ။

မြတ်လေးမဂ္ဂဇင်း
၁၉၈၇ ခုနှစ်၊ ဇွန်လ

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com

မန်းချောင်းလရောင်စာအုပ်တိုက်

# ဂလိုဘယ်ဇာတ်လိုက်

မောင်နီဦး



ဂလိုဘယ်ဇာတ်လိုက် ဂလိုဘယ်ဇာတ်လိုက်

ဂလိုဘယ်ဇာတ်လိုက်

mgyoe.com

mgyoe.com

mgyoe.com

# The World is flat

'The world is flat' ကမ္ဘာကြီးက ပြားပြီး ပင်လယ်က လုံးဝန်းတယ်။ သူထမ်းထားတာက သူ့ဝမ်းတခါး၊ သူပျံသန်းသွားနေတာက ကံတရား၊ ကွန်နဲ့ပစ်ပြီး ဖမ်းရမယ့် လူအုပ်မဟုတ်ဘူး။ ငါးမျှားချိတ်တန်းလန်းနဲ့ မိနေကြတဲ့ လူစုလူဝေးဖြစ်တယ်။ ရေစိုင်ဝဲထဲမှာ ပျော်ကြသူလည်း မဟုတ်ပြန်ဘူး။ မျက်မမြင်မိုးက ပုံနှိပ်လိုက်တဲ့ ရွံ့ဗွက်အိုင်လေး၊ ကယ်သူမဲ့ ဆယ်သူမဲ့ နစ်နေကြတဲ့ လူသားမျိုးနွယ်စုတွေ၊ အိပ်မက်တွေကို ချွတ်ချပြီး အလွယ်တကူ ခုန်ဆင်းခဲ့ကြတယ်။ မိုးပေါ်ကို ပျံတက်ချင်ကြပေမယ့် လေးဘက်တွားသွားနေကျ မလွမ်းရဲတဲ့ဘဝတွေဟာ ကမ္ဘာမြေကို လှိုင်းထစေခဲ့ပါတယ်။

ရောက်ချင်တဲ့စိတ်က လွန့်လွန့်လူးလူးလေး လွင့်မျောနေရတာကို လိုက်ဖမ်းရတာ အရသာရှိတယ်။ မျက်နှာဖုံးစွပ်ထားတဲ့ ဝါကျတွေကတော့ စကားလုံးတွေနဲ့ ထောင်ထားတဲ့ ကျော့ကွင်းထဲမှာ မိလို့။ အတန်းလိုက် ဝါတဲ့နေရာ ဝါနေတယ်။ အတန်းလိုက် စိမ်းတဲ့နေရာ စိမ်းနေတယ်။ အတန်းလိုက် နီတဲ့နေရာ နီနေတယ်၊ တွန့်တဲ့နေရာတွန့်၊ ပြန့်တဲ့နေရာပြန့်၊ အကန့်အကန့်တွေနဲ့ စီစီရီရီ၊ တချို့ မညီမညာ၊ ဆလိုက်မီး အတိအကျ ထိုးထားတယ်။ လင်းတဲ့နေရာလင်း၊ မှောင်ချထားဖို့လိုရင် မှောင်ချထား၊ အသွား အသွား အသွားလားဟေ့၊ အပြန် အပြန် အပြန်လားဟေ့၊

mgyoe.com

mgyoe.com


တချို့က ဖြည်းညင်းလေးတွဲ့စွာ ပြန်ကြတယ်။ တချို့က ကသုတ်ကရက် အမြန်နှုန်းနဲ့ ပြေးပုန်းနေပုံမျိုး၊ တိမ်ပေါ်ကြော့တွေနဲ့ ခမ်းခမ်းနားနား မည်းနေလိုက်တာ၊ ငါတို့အောက်တည့်တည့်မှာ မိုးတွေ ရွာနေတယ်။ ရင်ထဲမှာ မိတ်ဲမိုးက အငြိုးကြီး၊ ဘယ်ထီးနဲ့မှ မလုံခြုံခဲ့ပါဘူး။

သွားနေရင်း ကျန်ရစ်ခဲ့တာတွေလည်း ရှိတယ်။ သတ္တုရောင် ငွေသားနဲ့ ပြန့်ကားနေတဲ့နေရာကိုလည်း တွေ့ရမယ်။ ကော်ဖီရောင်ပလိပ်ပြား နဲ့ ကူးယူသွားတဲ့ ဒီဇိုင်းတွေလည်း တွေ့ရမယ်၊ သဘာဝနဲ့ ပေါင်းစပ်ထားတဲ့ ချွေးစက်တွေပါ။ ကိုယ်လွတ်မရုန်းချင်တဲ့ တောင်တန်းကြီးတွေကတော့ ကောင်းကင်ရဲ့ခေါ်သံကို နားစွင့်လို့ နှလုံးသားရှိတဲ့သူတိုင်း ကဗျာရဲ့ခေါ်သံကို ကြားနိုင်ပါတယ်လေ။

မိတ်ဆွေ ရုပ်တရားမှာ ဒဏ်ရာတွေရှိသလို၊ နာမ်တရားမှာ ဝေဒနာတွေ ရှိတယ်။ ခန္ဓာ့ဝန်ထမ်းရတာ အလေးဆုံးဆိုပေမယ့် သံသရာကို တဏှာအားကိုးနဲ့ ကမ္ဘာပတ်ခဲ့တယ်။ အမှားတွေပေါ် အမှားဆင့်လို့ တစ်ဆင့်ပြီး တစ်ဆင့် မြင့်မြင့်လာလိုက်တာ သုံးဆယ့်တစ်ဘုံတံခါးတွေ ဖွင့်ထားတယ်၊ ရှင်သန်ခွင့်ဟာ မိုးထိပျံတက်လာနေကြတယ်။ လွတ်မြောက်မှုဟာ ပွင့်ပြီး ရင် သီးတဲ့အရသာနဲ့ပြည့်စုံတဲ့ သစ်သီးတစ်လုံးပါ၊ အမှည့်မလွန်သေးခင် ပြေးလမ်းပေါ် ချောချောမောမော ဆင်းသက်နိုင်ခဲ့တယ်။

*

mgyoe.com

# The World is flat

The sea is round and the world is flat
What he is bearing is his stomatch
What he is flying is his fate
Not the crowd who have to be caught with a fishing net
But they are the mobs
Who have been hung at fish hooks
They are not the people who are
Seeking pleasure in the water world
They are mankind who are drowning helplessly
without any saviours in the muddy pool
Printed by blind rain
They took off their dreams and jumped into it.
Although they want to soar into the sky,
They have to crawl on their knees
The lives which dare not be missed make the world
chaotic.
Eagerness to reach is fluttering in the breeze
It is joyful to chase something floating
The masked sentences are caught in the traps with
words

mgyoe.com

Sometimes they are caught in rows
Somewhere they are yellow in rows
Somewhere they are green in rows
Somewhere they are red in rows
Somewhere they shrink
Somewhere they spread
Section by Section row by row
Some are uneven
Some are accurately at the spotlight
Wherever light is needed, there will be
Wherever darkness in needed, there will be
Are they going onward coming backward?
Some return home with lingering feet
Some are in a hurry at top speed as if they are trying to hide somewhere
It is splendidly dark with vagabond clouds
Straight beneath us it is raining
No umbrella can shelter us
From avenging rain in the heart

Something is left while going
The places expanding with metalic silver may be found
The designs which are copied on the coffee-coloured plates
Sweat is mixed with nature
The mountains ranges which do not want to save their ownskin are all ears to the call of the sky
Anyone who has heart can hear the call of poetry.
Oh! Dear friend. There are wounds at the material phenomenon and there is suffering at the spiritual phenomenon

mgyoe.com

Bearing one's own body is the heaviest burden of a
but relying on his own craving, he travels round
the world
Ascending higher and higher
On error by error
All the doors to thirty one realms are open!
The opportunity for living is flying up to sky
Emancipation is a tastiest fruit
Which was born after full bloom
Before it becomes over-ripe
It can sucessfully land on the tracks.

*Maung Ni Oo*
***Translated by Nyi Sae Min***

mgyoe.com

## ဂလိုဘယ်ဇာတ်လိုက်

ကဗျာရွတ်တဲ့အသံတွေကို နှုတ်ယူလိုက်ပြီးရင်
တယောထဲက အသံတွေကိုလည်း နှုတ်ယူလိုက်
ပတ်မကြီးထဲကအသံတွေကို နှုတ်ယူလိုက်ပြီးရင်
ကြေးမောင်းဝိုင်းထဲက အသံတွေကိုလည်း နှုတ်ယူလိုက်
ပုလင်းထဲကအသံတွေကို နှုတ်ယူလိုက်ပြီးရင်
ဖန်ခွက်ထဲက အသံတွေကိုလည်း နှုတ်ယူလိုက်
နာရီစင်ထဲကအသံတွေကို နှုတ်ယူလိုက်ပြီးရင်
မြင်းလှည်းလေးဆီက မြင်းခွာသံတွေကိုလည်း နှုတ်ယူလိုက်
ပင်လယ်ရဲ့အော်သံတွေကို နှုတ်ယူလိုက်ပြီးရင်
ကောင်းကင်ရဲ့ မိုးခြိမ်းသံတွေကိုလည်း နှုတ်ယူလိုက်
ဝတ္ထုဖတ်တဲ့အသံတွေကို နှုတ်ယူလိုက်ပြီးရင်
လက်ခုပ်သံတွေကိုလည်း နှုတ်ယူလိုက်
မိခင်ရဲ့ ညည်းတွားသံတွေကို နှုတ်ယူလိုက်ပြီးရင်
သားငယ်ရဲ့ ငိုကြွေးသံတွေကိုလည်း နှုတ်ယူလိုက်
ချိုးဖြူငှက်ရဲ့အသံတွေကို နှုတ်ယူလိုက်ပြီးရင်
စစ်ပွဲရဲ့ ပေါက်ကွဲသံတွေကိုလည်း နှုတ်ယူလိုက်
မိုဘိုင်းဖုန်းရဲ့ မြည်သံတွေကို နှုတ်ယူလိုက်ပြီးရင်

mgyoe.com

mgyoe.com

ဟွန်းသံတွေကိုလည်း နုတ်ယူလိုက်
ကြွေးတောင်းတဲ့အသံတွေကို နုတ်ယူလိုက်ပြီးရင်
ဈေးဆစ်တဲ့အသံတွေကိုလည်း နုတ်ယူလိုက်
ကောက်စိုက်တေးသံတွေကို နုတ်ယူလိုက်ပြီးရင်
ဗုံကြီးသံတွေကိုလည်း နုတ်ယူလိုက်
ခေါင်းလောင်းသံတွေကို နုတ်ယူလိုက်ပြီးရင်
မင်္ဂလာပါဆိုတဲ့ အသံတွေကိုလည်း နုတ်ယူလိုက်
ဒိုင်လူကြီးရဲ့ ခရာသံတွေကို နုတ်ယူလိုက်ပြီးရင်
ပရိသတ်ရဲ့ အားပေးသံတွေကိုလည်း နုတ်ယူလိုက်
ကမ္ဘာကြီးထဲက ရှိရှိသမျှအသံတွေအားလုံးကို နုတ်ယူသွားပေါ့
တကယ်မကြားနိုင်လား၊ မကြားချင်ယောင်ဆောင်နေတာလား
နားက ကြားနိုင်စွမ်းပြီး နှလုံးသားပင်းနေတဲ့ ရောဂါဆန်း
ဘယ်ဆေးခန်းကမှ ပျောက်အောင်မကုနိုင်ဘူး။ ။

ချယ်ရီမဂ္ဂဇင်း၊ ၂၀၀၅ အောက်တိုဘာ

mgyoe.com